# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 16, 2019 Volume 26, Number 11


**၁၆.၁၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၇၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၃၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၈/- ကျပ် |
| CBM Rate | = ၁၅၀၇.၉ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၈.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၁၅.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၆.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၂၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၄၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၈၈၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာမှ ကြက်သွန်နီဝယ်ယူရန် ဘင်္ဂလားဒေ့ရှ်လေ့လာနေ



အစိုးရချင်းသဘောတူညီမှုဖြင့် လာမည့်နှစ်များတွင် မြန်မာနိုင်ငံမှ ကြက်သွန်နီကို တရားဝင်ဝယ်ယူရန် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်က ကုန်သည်အသင်းများနှင့် လာရောက်ညှိနှိုင်းကြောင်း မန္တလေးတိုင်းကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံများအသင်းဥက္ကဋ္ဌ ဦးဇော်မျိုးဦးကပြောသည်။ အိန္ဒိယနိုင်ငံမှ ကြက်သွန်နီတင်ပို့မှု ကန့်သတ်ခံရပြီးနောက် ဘင်္ဂလားဒေ့ရှ်အစိုးရက မြန်မာနိုင်ငံမှ ကြက်သွန်နီကိုတင်သွင်းရန် ကြိုးစားခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်နှင့်သံရုံးအတွင်းဝန်က မြန်မာနိုင်ငံ ကြက်သွန်စိုက်ပျိုးမှု အခြေအနေ၊ ကြက်သွန်ထွက်ရှိမှု အခြေအနေတို့ကိုလေ့လာလို၍ ဒီဇင်ဘာ ၁၃ ရက်တွင်မြင်းခြံမြို့၌ ကြက်သွန်ကုန်သည် အချို့နှင့်တွေ့ဆုံခဲ့သည်။ “သံအမတ်ကြီးပြောတာက အိန္ဒိယတစ်နိုင်ငံတည်း မှီခိုနေတာကနေ မြန်မာကလည်း ဝယ်ချင်နေတယ်လို့ ပြောပါတယ်”ဟု ဦးဇော်မျိုးဦးပြောသည်။

အိန္ဒိယနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ကြက်သွန်နီအထွက်နည်းသဖြင့် ပြည်ပတင်ပို့ခြင်းကို ယခုနှစ်၌ကန့်သတ်ခဲ့သည်။ ထို့ကြောင့် နှစ်စဉ်တန်ချိန် ရှစ်သောင်းခန့် အိန္ဒိယမှကြက်သွန်တင်သွင်းနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာနိုင်ငံမှ ကြက်သွန်နီကို နယ်စပ်မှဝယ်ယူတင်သွင်းခြင်းဖြစ်သည်။ တစ်နှစ်လျှင် ကြက်သွန်နီတန်ချိန် ငါးသိန်းမှခြောက်သိန်းကြားထွက်ရှိသည့် မြန်မာနိုင်ငံအနေဖြင့် ယခင်က တရုတ်နိုင်ငံသို့သာ အဓိကထားတင်ပို့ခဲ့ရသည်။ နှစ်စဉ်ပြည်တွင်း စားသုံးမှုက တန်ချိန်သုံးသိန်းခွဲခန့်သာရှိပြီး ပိုလျှံသောကြက်သွန်များ တရုတ်ဈေးကွက်ကို

အားထားရကြောင်း မြင်းခြံမြို့မှ ကြက်သွန်ကုန်သည်အချို့ကပြောသည်။ “ဒီနှစ်မှာ ဘင်္ဂလားဒေ့ရှ်အဆွဲများနေတော့ တရုတ်မပို့နိုင်ဘူး”ဟု မြင်းခြံမြို့မှ ကြက်သွန် ကုန်သည် ဦးစိန်အုန်းလှိုင်ကပြောသည်။

မြန်မာကြက်သွန်ကို နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံက ဝယ်ယူရာတွင် လိုအပ်ချက်အပေါ်မူတည်ပြီး ဝယ်ယူသဖြင့် ကြက်သွန်တောင်သူများ အချို့နှစ်များ၌ ဆုံးရှုံးမှုရှိခဲ့သည်။ ပြည်တွင်းစားသုံးမှုပမာဏထက်ပိုပြီး ပြည်ပဈေးကွက်မရှိသဖြင့် ဈေးကျဆင်းမှု ရင်ဆိုင်ခဲ့ရသည်ဟု ဦးစိန်အုန်းလှိုင်ကပြောသည်။ လက်ရှိ ဘင်္ဂလားဒေ့ရှ် နိုင်ငံက အစိုးရချင်း သဘောတူညီမှုဖြင့် ဝယ်လိုသည့် အစီအစဉ်သည် ခိုင်မာသော ဈေးကွက်တစ်ခုရနိုင်မည်ဟုမျှော်လင့်ကြောင်း တောင်တွင်းကြီးမြို့နယ်မှ ကြက်သွန်ကုန်သည် ဦးကျော်မြင့်ထွန်းကပြောသည်။

ဘင်္ဂလားဒေ့ရှ် သံအမတ်သည် မန္တလေးတိုင်းမှ ကုန်သည်များနှင့်သာမက မကွေးတိုင်းမှ ကြက်သွန်ကုန်သည်များ နှင့်ပြီးခဲ့သည့်လက တွေ့ဆုံခဲ့သည်။ ဘင်္ဂလားဒေ့ရှ် အစိုးရကကုန်သည်အသင်းများ၊ ကြက်သွန်ကုန်သည်များထံ သတင်းအချက်အလက်စုဆောင်းနေသော်လည်း အစိုးရကို တရားဝင်ကမ်းလှမ်းမှုမရှိသေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။

**Source:** https://7day.news/–173576

## မြန်မာနိုင်ငံရှိ တရုတ်တိုင်းရင်းဆေးဖြန့်ဖြူးရောင်းချသူများ၊ ပညာရှင်များ၊ အသင်းအဖွဲ့များနှင့် ကွမ်တုံး–မကာအို တရုတ်တိုင်းရင်းဆေးသိပ္ပံနှင့်နည်းပညာလုပ်ငန်းဇုန်မှ ပူးပေါင်းဆောင်ရွက်လိုကြောင်း အဆိုပြုလာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မကာအိုအထူးအုပ်ချုပ်ရေးဒေသအစိုးရ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအဖွဲ့နှင့် မကာအို၊ ဟောင်ကောင်နှင့်တရုတ်ပြည်မကြီးမှ စီးပွားရေးအသင်းအဖွဲ့ (၁၅)ဖွဲ့မှ ပူးတွဲ ကြီးမှူး၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် မကာအိုနိုင်ငံတကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲကာလအတွင်း ဟန်ချင်ကျွန်းသို့ သွားရောက်လေ့လာရာတွင် ၎င်းကျွန်းပေါ်ရှိ ကွမ်တုံး–မကာအို တရုတ်တိုင်းရင်းဆေးသိပ္ပံနှင့်နည်းပညာလုပ်ငန်းဇုန် Guangdong Macao Traditional Chinese Science and Technology Industrial Park–GMTCM Park ၏ Management Team မှ မြန်မာနိုင်ငံရှိ တရုတ် တိုင်းရင်း ဆေးဖြန့်ဖြူးရောင်းချသူများ၊ တိုင်းရင်းဆေးပညာရှင်များ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လိုပါကြောင်း အဆိုပြုလာပါသည်။ အဆိုပါစာတွင် အဓိကအားဖြင့် ဟန်ချင်ကျွန်းသည် ကျူးဟိုင်မြို့ရှိ ကျွန်းတစ်ကျွန်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်တုံးပြည်နယ်ရှိ အထူးစီးပွားရေးဇုန်တွင် ပါဝင်ပါကြောင်း၊ အဆိုပါကျွန်းတွင် ကွမ်တုံးပြည်နယ်နှင့်မကာအိုဒေသအကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် ကွမ်တုံး–မကာအို တရုတ်တိုင်းရင်းဆေးသိပ္ပံနှင့်နည်းပညာလုပ်ငန်းဇုန် (Guangdong Macao Traditional Chinese Science and Technology Industrial Park–GMTCM Park) ကိုလည်း ထူထောင်ထားပါကြောင်း၊ GMTCM Park ကို တရုတ် တိုင်းရင်းဆေးပညာအား နိုင်ငံတကာအဆင့်မီ အရည်အသွေးထိန်းချုပ်စနစ်အသုံးပြုနိုင်ရန်နှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ နည်းပညာများဖလှယ်နိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းဆေးများဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းပါရှိပြီး မြန်မာနိုင်ငံမှ တရုတ်တိုင်းရင်းဆေးများဖြန့်ဖြူးရောင်းချသူများ၊ တိုင်းရင်းဆေးပညာရှင်များ၊ အသင်းအဖွဲ့များနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် အဆိုပြုလာပါသည်။

ပူးပေါင်းဆောင်ရွက်လိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင် ရေးအဖွဲ့၊ သတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ၊ Tel: 376490 ၊ E.mail လိပ်စာ myantradetir2018@ gmail.com သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**Source: Myantrade–TIR**

## အထည်ချုပ်လုပ်ငန်းများတွင် လူမှုသိက္ခာနှင့်ပတ်ဝန်းကျင်တည်ငြိမ်ရေးစီမံကိန်းကို အီးယူစတင်ဖော်ဆောင်နေ




အထည်ချုပ်ကဏ္ဍတွင် လူမှုသိက္ခာနှင့် ပတ်ဝန်းကျင်တည်ငြိမ်ရေး ဥရောပသမဂ္ဂ(အီးယူ) က စီမံကိန်းတစ်ခုကို စတင်အ ကောင်အထည် ဖော်နေကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း ရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးကပြောသည်။ အီးယူနှင့် အလုပ်သမားသမဂ္ဂများ ပူးပေါင်းပြီး အကောင်အထည်ဖော်မည့်စီမံကိန်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ အဆိုပါစီမံကိန်းတွင် အထည်ချုပ်လုပ်ငန်းများ၌ လူသား အရင်းအမြစ် စီမံခန့်ခွဲမှု၊ လုပ်ငန်းခွင်ဆက်ဆံရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် စွန့်ပစ်ပစ္စည်းနှင့် ဓာတုပစ္စည်းစီမံခန့်ခွဲမှု စသည်တို့ကို အကောင်အထည်ဖော်မည်ဖြစ်သည်။ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပုသိမ်အပါအဝင် အခြားဒေသများရှိ အထည်ချုပ်စက်ရုံ ၁၀၀ တွင် စီမံကိန်းအကောင်အထည်ဖော်မည်ဖြစ်သည်။ "အခုစီမံကိန်းက အလုပ်သမားတွေအတွက်ပါ" ဟု ဦးမြင့်စိုးက ပြောသည်။ အီးယူက အထည်ချုပ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေး Smart မြန်မာအစီအစဉ်ကို မြန်မာနိုင်ငံ၌ သုံးနှစ်သက်တမ်းဖြင့် နှစ်ကြိမ်ဆောင်ရွက်ခဲ့ကြောင်း၎င်းကဆိုသည်။ အထည်ချုပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်းပြီး ချုပ်လုပ်မှုလုပ်ငန်းများအပါအဝင်နည်းပညာများ ဖြန့်ဝေပေးခြင်းဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍသည် အီးယူ၏သွင်းကုန်အခွန်သက်သာခွင့်ကြောင့် နှစ်စဉ်တိုးတက်နေပြီး တစ်နှစ်ပို့ကုန်ပမာဏ ၃၀ ရာခိုင် နှုန်းဝန်းကျင်ရှိကြောင်း အထည်ချုပ်လုပ်ငန်းရှင် အသိုင်းအဝိုင်းကဆိုသည်။ လက်ရှိအပ်ထည်အမှာများကို အီးယူအဖွဲ့ဝင်နိုင်ငံများက အများဆုံးရရှိနေကြောင်း လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံပိုင်ရှင်တစ်ဦးက ပြောသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ချုပ်ထည် ကန်ဒေါ်လာ ငါးဘီလီယံခန့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ လက်ရှိအထည်ချုပ်ကဏ္ဍ တွင် လုပ်သား ငါးသိန်းကျော်ဝင်ရောက်လုပ်ကိုင်သည်။

**Source:** https://7day.news/)173578

## Hemp ကို စိုက်ပျိုးခွင့်ရရှိပါက ရင်းနှီးမြှုပ်နှံလိုဟု တရုတ်ကုမ္ပဏီများကမ်းလှမ်း



ဆေးခြောက်နွယ်ဝင်ဖြစ်သည့် စက်မှုလျှော်ပင် (Hemp) ကို မြန်မာနိုင်ငံတွင် တရားဝင်စိုက်ပျိုးခွင့်ရရှိပါက လာရောက်ရင်းနှီး မြှုပ်နှံလိုသည်ဟု တရုတ်ကုမ္ပဏီများက ကမ်းလှမ်းထားကြောင်း သိရသည်။ မြန်မာ့စက်မှုလျှော်ပင်အသင်း(Myanmar Hemp Association) သည် တရုတ်နိုင်ငံယူနန်ပြည်နယ်၌ နိုဝင်ဘာ လက ကျင်းပသည့် တရုတ်-မြန်မာစက်မှုလျှော်ပင် ထုတ်လုပ်မှုလုပ်ငန်း ဖိုရမ်သို့ တက်ရောက်ရာတွင် တရုတ်ကုမ္ပဏီများက မြန်မာနိုင်ငံ၌ ပူးပေါင်းစိုက်ပျိုးရန်ကမ်းလှမ်းခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည်လျှော်ထုတ်လုပ်မှုတွင် ကမ္ဘာ့ဈေးကွက် ၅၀ ရာခိုင်နှုန်းရှိပြီး တွင်တွင်ကျယ်ကျယ်လုပ်ကိုင်နေကြောင်း မြန်မာ့စက်မှုလျှော်ပင်အသင်း ဥက္ကဋ္ဌ ဦးအောင်စေတိုးကပြောသည်။ "အခုက မူးယစ်ဆေး ဥပဒေထဲက Hemp ကို ဆွဲထုတ်ဖို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့နဲ့အတူ ကြိုးစားနေတယ်။ ၂၀၂၀ ကျရင် စမ်းသပ်စိုက်ပျိုးနိုင်မယ်။ သုတေသနပြုလုပ်နိုင်မယ်။ အဲဒါပြီးမှ စီးပွားဖြစ် စိုက်ပျိုးနိုင်မယ်" ဟု ၎င်းကပြောသည်။ ကမ်းလှမ်းသည့် တရုတ်ကုမ္ပဏီများကို လက်ရှိမြန်မာနိုင်ငံ၏အခြေအနေကို ရှင်းပြပြီး တရားဝင် စိုက်ခွင့်ရှိသည့်အချိန်၌လာရောက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။ Hemp ကို မြန်မာတောင်သူများ စိုက်ပျိုးခွင့်ရရှိရန် ဥပဒေပြင်ဆင်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစား

ဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းနေပြီး မူးယစ်ဆေးဝါးဥပဒေကို ယခုလအတွင်း ပြင်ဆင်နိုင်ရန် ဆောင်ရွက်နေကြောင်း ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးရန်လင်းကပြောသည်။ "ကနဦးမှာ Hemp ကို လွတ်လွတ်လပ်လပ် စိုက်ခွင့်ပေးတာမျိုးမဟုတ်ဘဲ စည်းမျဉ်းစည်းကမ်းနဲ့ စိုက်ပျိုးခွင့်ပေး တဲ့ပုံစံနဲ့ ဆောင်ရွက်မယ်" ဟု ၎င်းက ရှင်းပြသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ဥပဒေအရ Hemp ကို စိုက်ပျိုးပါက ဘိန်းစိုက်သကဲ့သို့ ထောင်ဒဏ် ငါးနှစ်မှ ၁၀နှစ်အထိ ချမှတ်နိုင်သည့် ပြစ်ဒဏ်ရှိနေခြင်းကြောင့် တရားဝင်ဖြစ်မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လက်ခံနိုင်မည် ဖြစ်ကြောင်း ဥပဒေရေးရာကျွမ်းကျင်သူ ရှေ့နေအချို့က သုံးသပ်သည်။ Hemp ၏သက်တမ်းမှာ လေးလခန့်ဖြင့် ရိတ်သိမ်းနိုင်ပြီး မြေဩဇာနှင့် ပိုးသတ်ဆေးမလိုဘဲ ပုံမှန်ထွက်ယက်ရုံဖြင့် စိုက်ပျိုးနိုင်သည့်အနေအထားတွင်ရှိခြင်းကြောင့် တောင်သူများ အကျိုးဖြစ်ထွန်းမည်ဖြစ်ကာ တစ်ဧကလျှင် ကျပ် ၁၅သိန်းခန့်ရရှိနိုင်ကြောင်းသိရသည်။ လက်ရှိတွင် နိုင်ငံတော်တော်များများ၌ အဆိုပါ စက်မှုလျှော်ပင် Hemp မှ မော် တော်ကားဒက်ရှ်ဘုတ်၊ အိမ်နံရံနှင့် စက္ကူအပါအဝင် လူသုံးကုန်ပစ္စည်းနှင့် ဆက်စပ်သော အမျိုးပေါင်း ၅၀၀၀၀ ကျော်အထိ ထုတ်လုပ်နိုင်သည့်အတွက် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည်။ အလားတူ စက်မှုလျှော်ပင်၏ အရွက်၊ အမြစ်၊ ပင်စည်တို့ကို ချည်မျှင်နှင့်အဝတ်အထည်များ၊ စက်မှုလုပ်ငန်းသုံးကုန်ကြမ်းနှင့် အစားအစာများတွင် အသုံးပြုကြကြောင်းသိရသည်။ ၂၀၁၈ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်ရှိ မြို့သာစက်မှုဇုန်တွင် Hemp ဧက ၆၀ ခန့် စိုက်ပျိုးထားသည့် အမေရိကန်နိုင်ငံသားတစ်ဦးနှင့်မြန်မာနိုင်ငံသားအချို့ကို ရဲတပ်ဖွဲ့ကဝင်ရောက်ရှာဖွေ ဖမ်းဆီးပြီးနောက် မူးယစ်ဆေးဝါးပုဒ်မဖြင့် ရုံးတင်တရားစွဲဆိုထားသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်,** http://htwettoe.com/article-details/news/8413455

## ဖရဲသီးတစ်တန်လျှင် ယွမ် ၅၀၀ ကျော် ဈေးပိုရလာ



မူဆယ်ဈေးကွက်အတွင်းသို့ ဆောင်းစိုက်ဖရဲနှင့် ရွှေသခွားမွေး အရည် အသွေးကောင်းအသီးများ ဝင်ရောက်လာမှုနှင့်အတူ အရည်အသွေးကောင်း အသီးများ ပိုမိုတင်ပို့လာသည့်အတွက် လက်ရှိတွင် ဖရဲတစ်တန်လျှင် ယွမ် ၅၀၀ ကျော် ဈေးပိုရလာကြောင်း မူဆယ်ရှိ ပွဲရုံများထံမှသိရသည်။ ဒီဇင်ဘာလ အတွင်း ဆောင်းရာသီဝင်စ တရုတ်မုန့်စားပွဲတော်၊ ခရစ္စမတ်နှင့် နှစ်သစ်ကူး ပွဲတော်များရှိသည့်အတွက် ဖရဲ၊ သခွား ဈေးကွက်ဝယ်လိုအား မြင့်တက် လာသည့်အပြင်၊ အဝေးဝယ်လက်များ အဝယ်ဆင်းနေသဖြင့် မူဆယ် ဈေးကွက် တွင် ဖရဲ၊ သခွားဈေးနှုန်းများ ဆက်လက်မြင့်တက်လာနိုင်ကြောင်း ကုန်သည် များက ခန့်မှန်းထားသည်။

လက်ရှိ တရုတ်နိုင်ငံတွင် ဖရဲသီးရာသီကုန်ဆုံးနေပြီဖြစ်ပြီး၊ မူဆယ်ဈေးကွက်သို့ ဒီဇင်ဘာလဆန်းရက်များတွင် ဆောင်းစိုက်ဖရဲနှင့် ရွှေသခွားမွေး ကားစီးရေး အဝင်များလာသလို ဝယ်လိုအားကောင်းနေပြီး၊ အရည်အသွေးကောင်းမွန်သည့် အသီးများကို ပိုမိုဝယ်ယူနေကြသည့်အတွက် အရည်အသွေးကောင်းသည့် အသီးများကိုသာ ထိန်းညှိတင်ပို့သင့်ကြောင်း မူဆယ်ရှိ ကုန်သည်တစ်ဦးကပြောသည်။ တရုတ်နိုင်ငံသို့ ဖရဲ၊ သခွားများကို ထုတ်ပိုးတင်ပို့ရာတွင် ထုတ်ပိုးမှု လိုအပ်ချက်များစွာ ရှိနေပြီး ထုတ်ပိုးမှုစရိတ် ကြီးမြင့်မှုနှင့်အတူ ဈေးကွက်ရရှိမှုမှာလည်း နည်းပါးနေသေးတာကြောင့် ဖွဲကပ်၊ ကောက်ရိုးနှင့် ပြည်တွင်း ထုတ်ဂျပ်ဖာများဖြင့်သာ တင်ပို့နေရကြောင်း တောင်သူများထံမှသိရသည်။

ယခုနှစ်တွင် ဖရဲစိုက်ပျိုးစရိတ်မှာ တစ်ဧကလျှင် ကျပ် ၅၂ သိန်းခန့် ကုန်ကျပြီး ဒီဇင်ဘာလ ၉ ရက်နေ့ ဈေးကွက် ဈေးနှုန်း အမြင့်ဈေးဖြင့် တွက်ချက်ပါက ဖရဲသီး ၁၇ တန်ဆန့် ကားတစ်စီးလျှင် ကျပ်သိန်း ၉၀ သိန်းကျော် ရရှိထိ ဈေးရရှိသဖြင့် အကျိုးအမြတ် ကောင်းလာကြောင်း ဘလူးမြို့နယ်မှ ဖရဲစိုက်တောင်သူ ဦးတင်အောင်ဟိန်းက ပြောသည်။ '' ဖရဲ၊ သခွားမှာက ပုံသေတွက်ရခက်ပါတယ်။ အရည်အသွေးကောင်းရင် ဈေးပိုရတယ်ဆိုပေမယ့် ဒီနှစ် အရည်အသွေးကောင်းကောင်း စောစောပို့တော့လည်း ဈေးကွက်ပျက်ချိန် ကိုယ့်အသီးဈေးပါ ဈေးဆွဲချခံရတယ်။ မနှစ်က ဈေးကွက်အကောင်းဆုံး

အချိန်တွက်ပြီး စိုက်တယ်။ နယ်စပ်ဂိတ် ပြဿနာကြုံတော့ ဘာမှမတက်နိုင်ဘူး။ အသီးထွက်ရှိမယ့်အချိန် လမ်းပန်းလုံခြုံရေး ကောင်းနေရင် ပိုအဆင်ပြေတယ်။ အရည်အသွေး အလိုက်ဈေးက တော့ သင့်ပါတယ်။ ဒီဇင်ဘာလဆန်းမှ အသီးတွေ စတင်တာ ၈၅၅ တစ်တန် ယွမ် ၂,၅၀၀ ကျော် ရောင်းခဲ့ရလို့ ဈေးကောင်းရပါတယ်။ ဒီဈေးတန်းက ဖရဲတောင်သူတွေအတွက် ဈေးအကောင်းကြီး မဟုတ်သေးပါဘူး။ အခြေခံဈေးလောက်ပဲ ရှိတာပါ။ လက်ရှိမှာတော့ ဈေးကွက်ပျက်နေတာကနေ တင်သွင်းဝယ်လိုအားကောင်းနေ တယ်'' ဟု ၎င်းကပြောသည်။

လက်ရှိ ဖရဲ၊ သခွားတင်ပို့ရာတွင် ကုန်ကားရှားပါးမှုကြောင့် တန်ဆာခဈေးနှုန်းများမှာ ဖရဲသီး ၁၇ တန်ဆန့် ကုန်ကားတစ်စီးလျှင် ကျပ် ၁၄ သိန်းမှ ၁၅ သိန်းဝန်းကျင်ထိ ပေးကာငှားရမ်းနေရပြီး၊ ပြီးခဲ့သည့် နိုဝင်ဘာလ ဆန်းအတွင်းက နယ်မြေမငြိမ်းချမ်းမှုများကြောင့် ကားငှားရမ်းမှုခက်ခဲလာပြီး ယခုကဲ့သို့ ကားငှားရမ်းခများ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ ဒီဇင်ဘာ ၁၃ ရက်နေ့(ယနေ့) တွင် မူဆယ်ဈေးကွက်သို့ ဖရဲကား အစီးရေ ၈၆ စီး၊ ဂျက်ဖာသီး အစီးရေ ၁၀၆ စီး နှင့် သခွားမွေး ကားအစီးရေ ၃၆ စီးခန့် ဝင်ရောက်လာပြီး၊ ၈၅၅ ဖရဲ (ရောင်းတန်းဝင်) တစ်တန်လျှင် တရုတ် ယွမ်ငွေ ၂၆၀၀ မှ ၃၂၈၀၀ ယွမ်၊ ထဲန်ဝမ်ဖရဲ တစ်တန်လျှင် ယွမ် ၃၅၀၀ မှ ၄၀၀၀ ယွမ်၊ ရွှေသခွားမွေး တစ်ကီ လိုလျှင် ၂ဒသမ၃ မှ ၃ဒသမ၇ ယွမ်၊ ဝူခုံးသခွားမွေး (၁၇) တစ်ကီလိုလျှင် ၄ ယွမ်မှ ၅ ယွမ် အသီးသီး ပေါက် ဈေးရှိရာ ယခင်အပတ်အထက် ဖရဲ တစ်တန်လျှင် ယွမ် ၅၀၀ ခန့် ဈေးပိုရလာကြောင်း သိရသည်။ ယနေ့တွင် တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၁၁ ကျပ်ပေါက်နေကြောင်း သိရသည်။ " ဈေးကွက်အနေနဲ့ ပြောရရင်တော့ အရောင်းရော၊ အဝယ်ရော လှုပ်သာကိုင်သာရှိတဲ့ ဈေးကွက်လို့ ဆိုနိုင်ပေ မယ့် အရင်းအနှီးကြီးကြီးနဲ့ လုပ်နေရတဲ့ ရွှေသခွားတွေ အကျိုးအမြတ်ထက် စိန်ခေါ်မှုကပိုများနေတယ်။ မြန်မာတောင်သူများ သခွားစိုက်ပျိုးမှုမှာ နည်းစနစ်နဲ့အရင်းအနှီးအားနည်းချက်ကြောင့် ရွှေသခွားတစ်မျိုးတည်း ပုံအောစိုက်နေရတော့ ဈေးကွက်စုပုံမှုကြီးဖြစ်ရတယ်။ ဖရဲကတော့ ၈၅၅ နဲ့ အစေ့မဲ့ထဲန်ဝမ် စသည့်ကွဲလွဲစွာ စိုက်ထားတော့ အမျိုးအစားအရ ကွဲထွက်တော့ အရေအတွက်ကိုထိန်းသွားတယ်။ ဈေးကွက်ကတော့ ပြန်ဦး မော့လာတယ် " ဟု မူဆယ်ရှိ ကုန်သည် ဦးခင်မင်းသူနိုင်ကပြောသည်။ လက်ရှိ ဖရဲ၊ သခွား ဈေးကွက်ပေါက်ဈေးများမှာ ယခင်နှစ်ကာလတူအချိန် ဈေးရရှိမှုမှာ အနည်းငယ်ကျဆင်းနေသေးကြောင်း ဒီဇင်ဘာလပွဲတော်များကြောင့် ဝယ်လိုအားကောင်းပြီး ဖရဲ၊ သခွားဈေးနှုန်းများမှ အမြင့်ဈေးများဖြင့် ရောင်းချနေရကြောင်းသိရသည်။

**Source:** http://htwettoe.com/article-details/news/8418891

## မြန်မာနှင့်ဗီယက်နမ်တို့အကြား ကုန်သွယ်မှုနှင့်စိုက်ပျိုး၊ မွေးမြူရေးပူးပေါင်းမှုတိုးမြှင့်မည်



မြန်မာနှင့်ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်မှုတိုးမြှင့်ရေး အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာနှင့်သုတေသနဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနထံမှ သိရသည်။ အဆိုပါ ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက

“မြန်မာနဲ့ဗီယက်နမ်နိုင်ငံတို့ဟာအာဆီယံအဖွဲ့ဝင်နိုင်ငံတွေဖြစ်လို့ နီးကပ်တဲ့ဆက်ဆံရေးရှိပြီးတော့ နှစ်နိုင်ငံအကြားမှာ လယ်ယာကဏ္ဍ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ တိုးမြှင့်ဆောင်ရွက်နေသလို မျိုးသစ်မွေးမြူတဲ့လုပ်ငန်းတွေ၊ သုတေသနလုပ်ငန်းတွေနဲ့ ပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲကိုလည်း ပိုမိုကျင်းပဆောင်ရွက်ကြဖို့ ကြိုးပမ်းရမယ်”ဟု ပြောသည်။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံကုန်သွယ်မှုကို လာမည့် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ပြည့်မီ ကျော်လွန်အောင် ပူးပေါင်းဆောင်ရွက်နေကြောင်းသိရသည်။ ဗီယက်နမ်သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများ အနက် အဆင့်ခုနစ်နေရာတွင်ရှိသည့်နိုင်ငံဖြစ်သလို ကုန်သွယ်မှုတွင်လည်း အဆင့်ကိုးနေရာတွင်ရှိသည့် ကုန်သွယ်ဖက် နိုင်ငံဖြစ်သည်။ လက်ရှိတွင် မြန်မာနှင့် ဗီယက်နမ်တို့သည် လယ်ယာနှင့် မွေးမြူရေးကဏ္ဍ၊ ဆန်စက်တည်ဆောက်ရေးကဏ္ဍ၊

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ ခရီးသွားကဏ္ဍနှင့်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု ပြုလုပ်ရာတွင် လယ်ယာသုံးပစ္စည်း၊ စားသောက်ကုန်ကြမ်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံကုန်သည်များက ငှက်သိုက်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့်စိုက်ပျိုးရေးအခြေခံစားသောက်ကုန်လုပ်ငန်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းနှင့် ရော်ဘာလုပ်ငန်းများအစရှိသည့်လုပ်ငန်းကဏ္ဍများနှင့်ပတ်သက်ပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံက ဗီယက်နမ်နှင့်ကုန်သွယ်မှုစာရင်းများမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၈၈ သန်း၊ သွင်းကုန် ၄၀၅ သန်း၊၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၂၇ သန်း၊ သွင်းကုန် ၅၈၇ သန်းရှိခဲ့သည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်,** http://htwettoe.com/article-details/news/8434071

## ကမ္ဘာ့ရေနံဈေး အမြင့်ပိုင်းတွင်ရှိသော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ အတက်အကျနည်းပါးလျက်ရှိပြီး တစ်လအတွင်း တစ်လီတာ ငါးကျပ်မှ ၁၅ ကျပ်အထိသာ မြင့်တက်

ကမ္ဘာ့ရေနံဈေး ၅၉ ဒေါ်လာဝန်းကျင်ဖြင့် အမြင့်ပိုင်းတွင်ရှိသော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ အတက်အကျနည်းပါးလျက်ရှိပြီး တစ်လအတွင်း တစ်လီတာ ငါးကျပ်မှ ၁၅ ကျပ်အထိသာ မြင့်တက်ခဲ့ကြောင်း စက်သုံးဆီ အရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။ ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက် တွင် ၄၂ ဒေါ်လာဝန်းကျင်အထိ ရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီ ၂၃ ရက်တွင် ၆၆ ဒေါ်လာအထိ ပြန်တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက်တွင် ၅၁ ဒေါ်လာအထိ ကျဆင်းခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ အထက် ပြန်ရောက်ကာ ဩဂုတ် ၇ ရက် တွင် ၅၁ ဒေါ်လာအထိ ပြန်ကျခဲ့သည်။ စက်တင်ဘာ ၃ ရက်တွင် ၅၃ ဒေါ်လာဝန်းကျင်အထိ ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ် လာဝန်းကျင်အထိ မြင့်တက်ခဲ့ကာ နိုဝင်ဘာ ၁၉ ရက်တွင် ၅၅ ဒေါ်လာ၊ နိုဝင်ဘာ ၂၉ ရက်တွင် ၅၈ ဒေါ်လာ၊ ဒီဇင်ဘာ ၄ ရက်တွင် ၅၆ ဒေါ်လာ၊ ဒီဇင်ဘာ ၁၀ ရက်တွင် ၅၉ ဒေါ်လာဝန်းကျင် ဖြစ်ပေါ်ခဲ့သည်။ ဒီဇင်ဘာ ၁၃ ရက်တွင် ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သော ဈေးနှုန်းမှာ ဒီဇယ် တစ်လီတာ ၉၅၅ ကျပ် (တစ်ဂါလန် ၄၃၄၁ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ၉၆၅ ကျပ် (တစ်ဂါလန် ၄၃၈၆ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၈၈၅ ကျပ် (တစ်ဂါလန် ၄၀၂၃ ကျပ်)၊ အောက်တိန်း 95 Ron တစ်လီတာ  ၉၇၅ ကျပ် (တစ်ဂါလန် ၄၄၃၂ ကျပ်) ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက်တွင် ဖြစ်ပေါ်ခဲ့သောဈေးနှင့် နှိုင်းယှဉ်ပါက စက်သုံးဆီဈေးနှုန်းများ တစ်လီတာ ငါးကျပ်မှ ၁၅ ကျပ်အထိသာ မြင့်တက်ခဲ့သည်။

ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်မှ အောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်း စက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်း ကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန်တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စံချိန်တင် ဈေးနှုန်းနောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇယ် တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၈၅၅ (တစ်ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၆၇၀ (တစ်ဂါလန် ၃၀၄၁ ကျပ်)၊ အောက်တိန်း 95 Ron တစ်လီတာ ကျပ် ၇၃၀ (တစ်ဂါလန် ၃၃၁၄ ကျပ်) အထိ ကျဆင်းခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့်တက်ခဲ့သော ပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ် ၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး မေတွင် အတက်အကျနည်းပါးကာ ဇွန် (၂၁ ရက်အထိ) တွင် ကျပ် ၁၁၀ မှ ကျပ် ၁၃၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ထို့နောက် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း တစ်လီတာ ၃၅ ကျပ်ပြန်လည်မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၇၀ အထိပြန်တက်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ တစ်လီတာ

ကျပ် ၄၀ ပြန်လည်ကျဆင်းခဲ့သည်။ အောက်တိုဘာ ၉ ရက် မှ ၂၅ ရက်အထိ တစ်လီတာ ကျပ် ၄၀ မှ ၄၅ ကျပ်အထိ ပြန်တက်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ တစ်လီတာ ၁၀ ကျပ်မှ ၁၅ ကျပ်အထိ ပြန်ကျခဲ့သည်။ နိုဝင်ဘာ ၆ ရက်မှ ၁၉ ရက်အထိ တစ်လီတာ ၁၀ ကျပ်မှ ၃၅ ကျပ်အထိ၊ နိုဝင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်မှ ၃၅ ကျပ်အထိ မြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့သည်။

ပြည်တွင်းဈေးကွက်တွင် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင်ဖြစ်ပေါ်သော စက်သုံးဆီ လက်လီဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၅၀၀ (တစ်ဂါလန် ၂၂၇၀ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၅၄၀ (တစ်ဂါလန် ၂၄၅၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၅၅၀ (တစ်ဂါလန် ၂၄၉၇ ကျပ်)၊ အောက်တိန်း 95 Ron တစ်လီတာ ကျပ် ၆၅၀ (တစ်ဂါလန် ၂၉၅၁ ကျပ်) ဖြစ်ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်ဈေးနှုန်းနှိုင်းယှဉ်ပါက လပေါင်း ၃၀ ကျော်အတွင်း ဒီဇယ် ၁၁၉ ရာခိုင်နှုန်း၊ ပရီမီယံဒီဇယ် ၁၀၅ ရာခိုင်နှုန်း၊ 92 Ron ၉၄ ရာခိုင်နှုန်း၊ 95 Ron ၇၂ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/149700

## မြန်မာနှင့်တရုတ် နှစ်နိုင်ငံကုန်စည်ဖလှယ်တင်ပို့စနစ် လက်တွေ့အသုံးပြုရန် ကြာမြင့်ဦးမည်



တရုတ်နိုင်ငံနှင့်နှစ်နိုင်ငံချင်း ကုန်စည်ဖလှယ်တင်ပို့သည့်စနစ် လက်တွေ့အသုံးပြုရန် ကြာမြင့်ဦးမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ဒီဇင်ဘာ ၁၃ ရက်တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။ "အဲဒါက သိပ်ပြီးအားမကောင်းဘူး။ လက်တွေ့မှာ လုပ်ဆောင်ဖို့ခက်ခဲတယ်။ ဘာလို့လဲဆိုတော့ ရောင်းတဲ့သူနဲ့ ဝယ်တဲ့သူက ရောင်းတဲ့သူကလည်း ရောင်းချင်တယ်။ ပိုက်ဆံပဲလိုချင်တယ်။ ဝယ်တဲ့သူကလည်း သူကြိုက်တဲ့ပစ္စည်းကို သူဝယ်ချင်တယ်။ ရောင်းတဲ့သူရဲ့ပစ္စည်းကိုမလိုချင်ဘူး။ ဒါကြောင့် လက်တွေ့အတိုင်း လုပ်ဖို့အဆင်ပြေလိမ့်မယ်လို့မထင်ဘူး။ အသေးစိတ်ညှိဖို့လိုသေးတယ်။ လုံးဝအဆင်မပြေဘူး။ လုံးဝမဖြစ်နိုင်ဘူးလို့ပြောတာ မဟုတ်ဘူး။ ဒီလိုလေးပဲ လုပ်ရုံနဲ့တော့မရဘူး။ သေချာညှိမှုရမယ်"ဟု ၎င်းကပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်ညှိနှိုင်းမှုများပြုလုပ်ရန် ထပ်မံလိုအပ်နေသည့်အတွက် ကြာမြင့် ဦးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ မြန်မာနှင့်တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရတို့ နှစ်နိုင်ငံကုန်စည်ဖလှယ်မှုပြုလုပ်ရန် ယခုနှစ် ဧပြီလတွင် နေပြည်တော်၌ MoU လက်မှတ်ရေးထိုးခဲ့ကြသည်။ မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား နယ်စပ်မှကုန်ပစ္စည်းများ တင်ပို့မှုအဆင်ပြေစေရေး နှစ်နိုင်ငံတာဝန်ရှိသူများက ညှိနှိုင်းနေကြောင်းလည်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132381.html

## ကြက်သွန်နီသစ် အဝင်များ၍ ဈေးကျလာသော်လည်း ယခင်နှစ်ထက် မြင့်တက်နေဆဲဖြစ်

ဒီဇင်ဘာလဒုတိယပတ်မှစ၍ မိုးကြက်သွန်အသစ်ထွက်ရှိရာ နယ်များတွင် အနောက်ဘက်နယ်စပ်သို့တင်ပို့ရန် အဝယ်နည်းလာသဖြင့် ရန်ကုန်ဈေးကွက်သို့သာ တင်ပို့လာကြသောကြောင့် ရန်ကုန်ဈေးကွက်အတွင်းသို့ မိုးကြက်သွန်နီအသစ်များ ဝင်ရောက်မှုများလာပြီး ဈေးနှုန်းများကျဆင်းလာကြောင်းသိရသည်။ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာ ၁၂ ရက်တွင် နယ်စုံမှ ကြက်သွန်နီအသစ် ပိဿာချိန် ၂၂၀၀၀၀ နှင့် ဒီဇင်ဘာ ၁၃ ရက်တွင် ပိဿာချိန် ၁၅၀၀၀၀ ဝန်းကျင် ဝင်ရောက်ခဲ့ကာ အဝင်များပြီး ဝယ်လိုအားနည်းသည့်အတွက် ရန်ကုန်ဈေးကွက်အတွင်း မိုးကြက်သွန်နီအသစ် ဈေးနှုန်းများ နှစ်ရက်ဆက်တိုက် ကျဆင်းလာကြောင်း ဘုရင့်နောင်ပွဲရုံများမှသိရသည်။

ရန်ကုန်ဈေးကွက်၌ ဒီဇင်ဘာ ၄ ရက်က လက်ကားတစ်ပိဿာလျှင် ကျပ် ၂၄၀၀-၂၇၀၀-၂၉၀၀-၃၂၀၀ နှုန်းအထိ

ဈေးမြင့်တက်ခဲ့သည့် မိုးကြက်သွန်နီသစ် များသည် ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တွင် ဈေးများပြန်ကျခဲ့ရာ မြင်းခြံနှင့် ပခုက္ကူ ကြက်သွန်နီသစ်များ လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၃၀၀-၁၉၀၀-၂၄၀၀-၂၇၀၀ နှုန်းနှင့် ဆင်ဖြူကျွန်း ကြက်သွန်နီသစ်မှာ ကျပ် ၄၀၀-၁၂၀၀-၁၇၀၀-၂၁၀၀ နှုန်း ရှိနေသည်။ ကြက်သွန်နီအဟောင်းမှာမူ တစ်ပိဿာလျှင် ကျပ် ၂၃၀၀ နှုန်းခန့် ရှိသော်လည်း အပင်များပေါက်လာခြင်းကြောင့် ညှိနှိုင်းဈေးများဖြင့် ရောင်းချနေရသည်။ ယင်းသို့ ကြက်သွန်နီဈေးနှုန်း အကျကြမ်းလာသော်လည်း ယခင် ၂၀၁၈ ခုနှစ် ကာလတူဈေးနှုန်းနှင့်ယှဉ်ပါက များစွာဈေးမြင့်နေသေး၍ မိုးကြက်သွန် စိုက်ပျိုးသူများအနေဖြင့် ယခင်နှစ်ထက် ဝင်ငွေပိုရနေကြောင်း၊ ယခင်နှစ်က ကာလတူအချိန်တွင် လက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၄၀၀-၆၅၀-၉၀၀ နှုန်းသာရှိကြောင်းသိရသည်။လက်ရှိအချိန်တွင် ကြက်သွန်နီအသစ်များကို ဈေးကွက်သို့ အလုံးအရင်းဖြင့် တင်ပို့နေကြပြီး ပြည်တွင်းဈေးကွက် အဝယ်သာရှိ၍ ဈေးနှုန်းထပ်မံကျနိုင်သဖြင့် နေ့စဉ်ရောင်းအားရှိသလောက်သာ ဘုရင့်နောင်မှဝယ်ယူရသည်ဟု လမ်းမတော်မြို့နယ်မှ အာလူးကြက်သွန် လက်လီဆိုင်ရှင်တစ်ဦးကပြောသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## ရေနံထုတ်လုပ်မှုလျှော့ချခြင်းကို ပြန်လည်ခွဲဝေသတ်မှတ်ရန် အိုပက်နှင့်မဟာမိတ်များသဘောတူ

အိုပက်နှင့်အခြားနိုင်ငံများသည် အဖွဲ့၏ထုတ်လုပ်မှုရည်မှန်းချက်ကိုညှိနှိုင်းပြီး ထုတ်လုပ်မှုလျှော့ချမည့်ပမာဏကို ပြန်လည်ခွဲဝေသတ်မှတ်ရန် သဘောတူညီခဲ့ကြကြောင်း Business Times သတင်းတွင် ဖော်ပြခဲ့သည်။ ယခုကဲ့သို့ ပြန်လည်ခွဲဝေရန် ဆောင်ရွက်ရခြင်းမှာ ရေနံထုတ်လုပ်မှု အဆမတန်လျှော့ချရသည့် တာဝန်ကိုကာလရှည်ကြာစွာ ဆောင်ရွက်ခဲ့ရသော ဆော်ဒီအာရေဗျနိုင်ငံ၏ ဖိအားပေးမှုကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။ အဆိုပါအုပ်စုသည် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ထက်ဝက်ကျော်ကို ထုတ်လုပ်လျက်ရှိသည်။ ဗီယင်နာ၌ ဒီဇင်ဘာ ၆ ရက်တွင် သဘောတူညီချက်အရအဖွဲ့၏ ထုတ်လုပ်မှုကို တစ်ရက်စည် ၅၀၀၀၀၀လျှော့ချရန်ရည်မှန်းထားရာ မကြာသေးမီက ထုတ်လုပ်မှု အဆင့်နှင့် ကိုက်ညီကြောင်း ကိုယ်စားလှယ်များကပြောသည်။

အဓိကထား ဦးစားပေးပြောကြားလိုသည်မှာအချို့အဖွဲ့ဝင်နိုင်ငံများသည် လိမ်ညာနေမှုကိုရပ်တန့်ပြီး ကတိပေးထားသည့်အတိုင်းအကောင်အထည်ဖော်ကြစေလိုကြောင်း ဆော်ဒီစွမ်းအင်ဝန်ကြီး မင်းသားအဗ္ဗဒူလာဇစ်ဘင်ဆာလမန်က အစည်းအဝေးမတိုင်မီ ပြတ်ပြတ်သားသားပြောသည်။ "ဘာသာတရားမှာလိုပါပဲ။ ယုံကြည်ရင်ကျင့်ကြံအားထုတ်ရပါမယ်။ ကျင့်ကြံအားထုတ်မှုမရှိရင်မယုံတဲ့သူဖြစ်ပါလိမ့်မယ်။ ဈေးကွက်တွေကကျွန်တော်တို့ကိုယုံကြည်ရပါမယ်။ လေ့လာဆန်းစစ်သူတွေက ကျွန်တော်တို့ကို ယုံကြည်ရပါမယ်" ဟု ဒီဇင်ဘာ ရက် ဖွင့်ပွဲအခမ်းအနားတွင် မင်းသားအဗ္ဗဒူလာဇစ်ကပြောပါတယ်။ အိုပက်နှင့်မဟာမိတ်တို့ကရေနံထုတ်လုပ်မှုကိုလျှော့ချမည့် အစီအစဉ်ကို ပြတ်ပြတ်သားသား မတွေ့ရသည့်အတွက် ဒီဇင်ဘာ ၆ ရက်က နယူးယောက်ဈေးကွက်တွင် ရေနံကြိုရောင်းကြိုဝယ်ဈေးများ ကျဆင်းခဲ့သည်။ ကမ္ဘာတွင် ရေနံအများဆုံးတင်ပို့ပြီး အိုပက်၏ခေါင်းဆောင်သဖွယ်ဖြစ်နေသော ဆော်ဒီအာရေဗျသည် သဘောတူညီချက်အသစ်အရ လက်ရှိထုတ်လုပ်မှုအတိုင်း ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ ကိုယ်စားလှယ်တစ်ဦးကပြောဆိုသည်။

သဘောတူညီမှုအသစ်အရ အိုပက်နှင့်မဟာမိတ်တို့၏ နေ့စဉ်ထုတ်လုပ်မှု လျှော့ချသောပမာဏမှာ စည် ၁ ဒသမ ၂ သန်းမှ စည် ၁ ဒသမ ၇ သန်းသို့ တိုးမြှင့်ထားသည်။ ရေနံထုတ်လုပ်မှုလျှော့ချခြင်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာလကတည်းက သတ်မှတ်ထားပြီးဖြစ်ရာ အုပ်စုတစ်ခုလုံးအနေဖြင့်ဆိုပါကရေနံလျှော့ချထုတ်လုပ်ရန် လိုတော့မည်မဟုတ်ပေ။

**Source:**commerce.gov.mm

https://business.facebook.com/SFJWeekly/posts/2865493733537900?__tn__=K-R

## အကန့်အသတ်ရှိ ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် အမေရိကန်နဲ့တရုတ်အကြားရရှိခဲ့ဟုဆို

အမေရိကန်နဲ့ တရုတ်အကြား ကာလရှည်ကြာနေပြီဖြစ်တဲ့ ကုန်သွယ်ရေးစစ်ကို ရပ်ဆိုင်းထားစေနိုင်မယ့် အကန့်အသတ်ရှိ ကုန်သွယ်ရေးအခြေခံသဘောတူညီချက်တစ်ရပ်ရရှိသွားခဲ့ပြီဖြစ်ကြောင်း သတင်းတွေအရသိရပါတယ်။ နှစ်ဘက်အကြား ဆွေးနွေးမှုတွေအရ ယခုအခါမှာ တရုတ်ကုန်စည်တွေအပေါ် အခွန်အကောက်တစ်ချို့ ရပ်ဆိုင်းပေးဖို့အတွက် ဂါရှင်တန်ဘက်က သဘောတူလိုက်ပြီဖြစ်တယ်လို့လည်း သိရပါတယ်။

အပြန်အလှန်အားဖြင့်လည်း လာမယ့် ၂၀၂၀ မှာ အမေရိကန် စိုက်ပျိုးရေး ထုတ်ကုန်တွေကို တရုတ်တို့ဘက်က တိုးမြှင့်ဝယ်ယူပေးသွားဖို့ ကတိပြုလိုက်တယ်လို့ဆိုပါတယ်။ ဒါဟာကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားကြီးနှစ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲကို အရှိန်လျော့ပြေငြိမ်းစေနိုင်မယ့် အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်တယ်လို့လည်းသိရပါတယ်။ ယခုရရှိခဲ့တဲ့ အခြေခံသဘောတူညီချက်အရ လာမယ့်ဒီဇင်ဘာ ၁၅ ရက်မှာ စတင်အသက်ဝင်လာဖို့ရှိနေပြီး တရုတ်ကုန်စည်တွေအပေါ် အခွန်ဒေါ်လာ ၁၆၀ ဘီလီယံချမှတ်မယ့်ကိစ္စကို ဂါရှင်တန်ဘက်က ရပ်ဆိုင်းပေးသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် ရှိရင်းစွဲ အခွန်တွေကိုလည်း ပြန်လည်လျှော့ချပေးသွားဖို့ ရှိတယ်လို့သိရပါတယ်။ ဒ့ါအပြင် လာမယ့် ၂၀၂၀ မှာ အမေရိကန်စိုက်ပျိုးရေးထုတ်ကုန် ဒေါ်လာ ၅၀ ဘီလီယံဖိုးကို တရုတ်ဘက်ကဝယ်ယူဖို့ သဘောတူခဲ့တယ်လို့ သိရပါတယ်။

**Source:** https://www.bbc.com/news/business-50765743

SFJ Strategy First Journal

## တောင်ကိုရီးယား သင်္ဘောတည်ဆောက်ရေးကုမ္ပဏီနှစ်ခုက စင်ကာပူတွင်လုပ်ငန်းများ ပေါင်းစည်းဆောင်ရွက်ရန်အဆိုပြုလာ

စင်ကာပူတွင် နိုင်ငံခြားကုမ္ပဏီများအဖြစ် မှတ်ပုံတင်ထားသော တောင်ကိုရီးယားသင်္ဘောတည် ဆောက်ရေးကုမ္ပဏီနှစ်ခုက လုပ်ငန်းများပေါင်းစည်း ဆောင်ရွက်နိုင်ရန် စင်ကာပူစီးပွားရေးလုပ်ငန်းများယှဉ်ပြိုင်မှုနှင့် စားသုံးသူရေးရာကော်မရှင်သို့ အဆိုပြုတင်ပြလာခြင်းအပေါ် စျေးကွက်အတွင်း စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကို ထိခိုက်နိုင်ကြောင်း စိုးရိမ်မှုမြင့်တက်လျက်ရှိသည်။ ယင်းစိုးရိမ်ပူပန်မှုသည် Korea Shipbuilding & Offshore Engineering Co Ltd (KSOE) က Daewoo Shipbuilding & Marine Engineering Co Ltd (DSME) ၏ ပိုင်ဆိုင်မှုအကျိုးအမြတ်အများစုကိုဝယ်ယူပြီး လုပ်ငန်းနှစ်ခုအား ပေါင်းစည်းဆောင်ရွက် သွားရန် ကော်မရှင်သို့ အဆိုပြုလျှောက်ထားလာမှုအပေါ် ကော်မရှင်က ပထမအဆင့် စိစစ်သုံးသပ်မှု ပြုလုပ်ပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ၂၉ - ၁၁ - ၂၀၁၉ ရက်တွင် ကော်မရှင်က ထုတ်ပြန်သည့်သတင်းအရ KSOE ကုမ္ပဏီမှ တင်ပြလာသော သတင်းအချက်အလက်များနှင့် သင်္ဘောဝယ်ယူသူများ၊ သင်္ဘောထုတ်လုပ်သည့် အခြားကုမ္ပဏီ များပါဝင်သော တတိယအဖွဲ့အစည်းများ၏ တုံ့ပြန်ပြောဆိုချက်များအပေါ် စိစစ်သုံးသပ်မှုပြုလုပ်ခဲ့ရာ အဆိုပါလုပ်ငန်းနှစ်ခုပေါင်းစည်းခြင်းသည် ယင်းစျေးကွက်အတွင်း ယှဉ်ပြိုင်မှုကို ထိခိုက်မှုရှိနိုင်ကြောင်း ကော်မရှင်က စိုးရိမ်လျက်ရှိသည်။

တတိယအဖွဲ့အစည်း များ၏ ပြောဆိုချက်များတွင် ယင်းကုမ္ပဏီနှစ်ခုသည်သဘာဝဓာတ်ငွေ့အရည်သယ်ဆောင်သည့် သင်္ဘောများ၊ရေနံတင် သင်္ဘောကြီးများနှင့်ကုန်သေတ္တာတင် ဆောင်သည့်သင်္ဘောကြီးများထုတ်လုပ်ရာ၌ ကမ္ဘာ့အကြီးဆုံးကုမ္ပဏီများတွင်ပါဝင်ကြောင်း၊ လုပ်ငန်းနှစ်ခုပေါင်းစည်းလိုက်ပါက ယင်းစျေးကွက်တွင်၎င်း တို့အကြား ယှဉ်ပြိုင်မှုကို ရှောင်ရှားနိုင်ပြီး၊ ဝယ်ယူသူများအတွက် အကျိုးဆက် ဆိုးဝါးလာနိုင်ကြောင်း၊ ထို့ပြင်အခြား ကုမ္ပဏီများက ၎င်းတို့နှင့်ယှဉ်ပြိုင်ဆောင်ရွက်ရန်၊ စျေးကွက်အတွင်းသို့ ဝင်ရောက်ရန် အတားအဆီးများဖြစ်ပေါ်နိုင်ကြောင်း ထုတ်ဖော်ခဲ့ကြသည်။ ကော်မရှင်သည် KSOE ကုမ္ပဏီမှ အဆိုပြု တင်ပြလျှောက်ထားမှုကို ၁၂ - ၉ -၂၀၁၉ ရက်တွင် လက်ခံရရှိခဲ့သည်။

လျှောက်ထားမှုသည် စင်ကာပူ စျေးကွက်အတွင်းယှဉ်ပြိုင်မှုကို သိသာထင်ရှားစွာ လျော့ပါးသွားစေသော သို့မဟုတ် လျော့ပါးသွားစေသည်ဟု ယူဆရသော စီးပွားရေးလုပ်ငန်းများအကြား ပေါင်းစည်းဆောင်ရွက်မှုများ (Mergers) ကို တားမြစ်ထားသည့် စီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်မှုဥပဒေ ပုဒ်မ ၅၄ အရ ဥပဒေကို ချိုးဖောက်မှုရှိမရှိ ဆုံးဖြတ်ပေးနိုင်ရန် ကော်မရှင်သို့ တင်ပြလျှောက်ထားခြင်းဖြစ်သည်။ ကော်မရှင်သည် KSOE ကုမ္ပဏီမှ သက်ဆိုင်သော အချက်အလက်များ ရရှိမှုအပေါ် မူတည်၍ ဒုတိယအဆင့်စိစစ်သုံးသပ်မှုကို ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

**စီးပွားရေးသံမှူး-စင်ကာပူ**

https://business.facebook.com/SFJWeekly/posts/2867765803310693?__tn__=K-R

## အမေရိကန်လယ်ယာထွက်ပို့ကုန်များအပေါ် သွင်းကုန်ခွန်လျှော့ချရန် အိန္ဒိယစဉ်းစားမည်

၂၀၁၉ ခုနှစ် နိုဝင်ဘာလ တတိယ ပတ်အတွင်း အိန္ဒိယနိုင်ငံနှင့် အမေ ရိကန်နိုင်ငံတို့အကြား အဆင့်မြင့်အရာရှိများအဆင့် ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်း ဆွေးနွေးမှုများပြုလုပ်ခဲ့ရာတွင် အိန္ဒိယဘက်မှ အကောက်ခွန်လျှော့ချ သက် သာခွင့်ပြုရန် ထည့်သွင်းစဉ်းစားမည့် ကုန်စည်အမယ်ပေါင်း ၄၀ ခန့်ကို သတ်မှတ်နိုင်ခဲ့သည်။ အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Piyush Goyal နှင့် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Robert Lighthizer တို့ နိုဝင် ဘာလ လဆန်းပိုင်း၌ တွေ့ဆုံခဲ့ကြပြီးနောက်ပိုင်းတွင် နှစ်နိုင်ငံကုန်သွယ်ရေး ဆွေးနွေးမှုများ၌ တိုးတက်မှုများ ရရှိ လာခဲ့ကြောင်း၊ အိန္ဒိယဘက်မှ သွင်းကုန်ခွန်လျှော့ချရန် ထည့်သွင်းစဉ်းစားမည့် စာရင်းတွင် အခွံမာသစ်စေ့သီး (pistachio)၊ သစ်ကြားသီးနှင့် ပန်းသီးတို့အပါအဝင် အမေရိကန်၏ လယ်ယာထွက်ကုန်စည်များပါဝင်သော်လည်း နို့ထွက်ပစ္စည်းနှင့် အချို့သော ပဲမျိုးများမှာ ဆွေးနွေးရာ၌ ပါဝင်ခြင်းမရှိကြောင်း၊ နှစ်ဖက်အရာရှိများသည်ဆေးပစ္စည်းကိရိယာများ ကုန်သွယ်မှုအတွက် အခွန်သုညရာခိုင်နှုန်းအထိလျှော့ချနိုင်ရေး ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း အိန္ဒိယနိုင်ငံရှိ Economic Times သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယ၏ နို့ထွက်ပစ္စည်းနှင့် ဆေးပစ္စည်းကိရိယာများ တင်သွင်းမှုနှင့်စပ်လျဉ်း၍ စျေးနှုန်းထိန်းချုပ်ဆောင်ရွက်မှုသည် အမေရိကန်နိုင်ငံအတွက် အိန္ဒိယနှင့် ကုန်သွယ်ရေးညှိနှိုင်းဆွေးနွေးရာတွင် အဓိကအဖြေရှာရမည့်ကိစ္စရပ်အဖြစ် ပါဝင်လျက်ရှိသည်။ နှစ်ဖက်စလုံး၌ ထိခိုက်လွယ်သည့်ကိစ္စရပ်များရှိနေသော်လည်း ယခုကဲ့သို့ အပြုသဘောဆောင်သည့် ရလာဒ်များအရနှစ်နိုင်ငံ ကုန်သွယ်မှုသဘောတူညီချက်အား မကြာမီကာလများအတွင်း အပြီးသတ်နိုင်ဖွယ်ရာရှိကြောင်း သုတေသီများက သုံးသပ်လျက်ရှိသည်။

**စီးပွားရေးသံမှူး-နယူးဒေလီမြို့** https://business.facebook.com/SFJWeekly/posts/2865542673533006?__tn__=K-R

## ဗြိတိန်နှင့် ကုန်သွယ်ရေးဆွေးနွေးမှုအတွက် အဆင်သင့်ရှိကြောင်း ဥရောပကောင်စီဥက္ကဋ္ဌပြောကြား

ဗြိတိန်၏ အထွေထွေရွေးကောက်ပွဲရလာဒ်ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် ဗြိတိန်နှင့် ကုန်သွယ်ရေးဆွေးနွေးမှုများအတွက် အီးယူဘက်မှ အဆင်သင့်ရှိကြောင်း ဥရောပကောင်စီ (European Council)၏ ဥက္ကဋ္ဌဖြစ်သူ Charies Michel က ပြောကြားခဲ့ကြောင်း သိရှိရ ပါသည်။ မိမိတို့အနေဖြင့် နောက်ထပ်အဆင့်များဆောင်ရွက်ရန်အတွက် အဆင်သင့်ရှိကြောင်း၊ ဗြိတိန်ပါလီမန်အနေဖြင့် နှုတ်ထွက်ရေးသဘောတူညီချက်အား လက်ခံရန် ဖြစ်နိုင်ခြင်းရှိ/မရှိနှင့် ယင်း၏ဆုံးဖြတ်ချက်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း Charies Michel က သတင်းထောက်များအား ပြောကြားခဲ့သည်ဟု သိရှိရပါသည်။ ထိုသို့ သဘောတူညီချက်ရရှိခဲ့ပါက မိမိတို့အနေဖြင့် နောက်ထပ်ဆွေးနွေးမှုများအတွက် အဆင်သင့်ရှိနေကြောင်း၊ ဥရောပနိုင်ငံများ၏ စုစည်းညီညွတ်မှုနှင့် ပွင့်လင်းမြင်သာမှုတို့အပေါ် အာမခံချက်ပေးရန်နှင့် ဗြိတိန်နိုင်ငံနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်မှုများအား ဆက်လက်ထိန်းသိမ်းထားနိုင်ရေးတို့အတွက် မိမိတို့ဆောင်ရွက်သွားမည့်နည်းလမ်းလည်းရှိထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။ ဥရောပကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သူ Ursula von der Leyen က အီးယူအနေဖြင့် ဗြိတိန်နိုင်ငံ၏ ရွေးကောက်ပွဲတရားဝင်ရလဒ်ကို စောင့်ကြည့်သွားမည်ဖြစ်ပြီး၊ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်အတွက် ဗြိတိန်ဝန်ကြီးချုပ်ထံမှ



TIR

အခိုင်အမာပြောဆိုမှုကို ကြားလိုသည့်ဆန္ဒရှိကြောင်း ပြောကြားခဲ့ပါသည်။ ဗြိတိန်ခွဲထွက်မှု ကိစ္စရပ် မည်သို့ပင်ရလဒ်ထွက်ပေါ်သည်ဖြစ်စေ မိမိတို့အနေဖြင့် အားလုံးပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ မည်ကဲ့သို့သော ညှိနှိုင်းဆွေးနွေးမှုများလိုအပ်သည်ဖြစ်စေ မိမိတို့အနေဖြင့် အဆင်သင့်ရှိနေကြောင်း Ursula von der Leyen က ဆက်လက်ပြောကြားခဲ့ကြောင်း၊ အီးယူ(၂၇) နိုင်ငံမှ ခေါင်းဆောင်များအနေဖြင့် ၁၄.၁၂.၂၀၁၉ နေ့တွင်ပြုလုပ်သည့် အီးယူထိပ်သီးဆွေးနွေးပွဲအပြီး ဗြိတိန်ခွဲထွက်မှုကိစ္စရပ်အား ဆွေးနွေးရန်အတွက် အစည်းအဝေးတစ်ရပ်ပြုလုပ်မည်ဖြစ်ကြောင်း၊ အဆိုပါအစည်းအဝေးတွင် နောက်ထပ်ဆွေးနွေးမည့် အဆင့်များအတွက် ဥရောပကောင်စီထံမှ ခွင့်ပြုချက်ရရှိရေးဆွေးနွေးမှုများပါဝင်သဖြင့် အလွန် အရေးကြီးသည်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌက ပြောကြားခဲ့ကြောင်းသိရှိရပါသည်။ နယ်သာလန်နိုင်ငံ၏ ဝန်ကြီးချုပ် Mark Rutte က ၂၀၂၀ ခုနှစ်အကုန်တွင် ဗြိတိန်နိုင်ငံနှင့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်ရရှိရေး ညှိနှိုင်းဆွေးနွေးမှုသည် ရရှိသည့်အချိန်ကာလတိုတောင်းသည့်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ ထိုသို့ကုန်သွယ်ရေး ညှိနှိုင်းဆွေးနွေးမှုများ မစတင်မီတွင် အီးယူနိုင်ငံများအနေဖြင့် ဆွေးနွေးညှိနှိုင်းမှုအတွက် အခွင့်အာဏာ (Negotiation Mandate) ကို ဦးစွာရရှိရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါဆွေးနွေးမှုများအတွက် တိကျသောချဉ်းကပ်ဆောင်ရွက်မှုဖြင့် ဆွေးနွေးရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်ဟုသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## STOCK EXCHANGE (16.12.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 16th Dec. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,000 | 11,500 | 11,000 | 3,219 | 36,261,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,850 | 3,850 | 3,850 | 489 | 1,882,650 | 38,929,150 | 149,877 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 30 | 246,000 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 49 | 1,127,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | -50 | -1.69% | 2,950 | 2,950 | 2,900 | 10 | 29,100 | 12,823,224 | 37,187 |

### Market summary

As of 16th Dec. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 458.22 | -10.37 | -2.21% | 458.69 | 468.59 | 458.22 | 3,797 | 39,545,750 | 5 | 627,449 |

**Index chart**



## Market Overview

As of 1:00 pm, 16th Dec. 2019

| MYANPIX | 458.22 ▼ 10.37 |
|---|---|
| Total Volume (shares) | 3,797 |
| Total Value (MMK) | 40 mil |
| Listed Company | 5 |
| Market Cap. (MMK) | 627,449 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▼ 50 |

TIR